# အမှာစာ

ဂျပန်ဘာသာအရည်အချင်းစစ် စာမေးပွဲအဆင့် "၄"၊"၃""၂" နှင့် "စကားပြောအထူးထုတ်" တို့ကို "သင်းမြန်မာ ဘာသာစကားစင်တာ" မှ ဖြန့်ချိထုတ်ဝေခဲ့ပြီးဖြစ်ပါသည်။ ဂျပန်ဘာသာအရည်အချင်းစစ် စာမေးပွဲအထူးထုတ်အဖြစ် မြန်မာဘာသာဖြင့်ရေးသားထည့်သွင်းကာ"သင်းမြန်မာဘာသာစကားစင်တာ" ပြဋ္ဌာန်းစာအုပ်အဖြစ် မူပိုင်ဖြန့်ချိခဲ့သည်မှာ ယခုအကြိမ်သည်( ၅ )ကြိမ်မြောက်ဖြစ်ပါသည်။ ထိုစာအုပ်များကို စင်တာသို့တိုက်ရိုက်ဆက်သွယ်ဝယ်ယူနိုင်ပါသည်။ ဂျပန်သင်တန်းကျောင်းများအတွက် အထူးဈေးနှုန်းဖြင့်ဝန်ဆောင်မှုပေးနေပါသည်။

ဤစာအုပ်သည် ဂျပန်ဘာသာအရည်အချင်းစစ်စာမေးပွဲအတွက်ရည်ရွယ်ထုတ်ဝေသောဂျပန်စာအုပ်များ ရှားပါးလှသော မြန်မာနိုင်ငံအခြေအနေကိုစဉ်းစား၍ထုတ်ဝေသော ဂျပန်ဘာသာအရည်အချင်းစစ် စာမေးပွဲ အဆင့် ၁ အထူးထုတ်ဖြစ်ပြီး ဂျပန်စာကျွမ်းကျင်အဆင့်မြင့်တန်းအဆင့်ပြဋ္ဌာန်းစာအုပ်အနေနှင့်လည်းအသုံးပြုနိုင်ပါသည်။ ဂျပန်ဘာသာအရည်အချင်းစစ်စာမေးပွဲ အဆင့် (၁) ဖြေဆိုလိုသော၊ ဂျပန်စာအခြေခံစနစ်တကျတတ်မြောက်လိုသော၊ မြန်မာအများအတွက်နမူနာများကိုပါထည့်သွင်းပေးထား၍ နှစ်ခြိုက်စွာအသုံးပြုကြလျှင် စာရေးသူအတွက်ကြီးစားရကျိုးနပ်ပါပြီ။

ဤစာအုပ်ကို အောက်ပါအတိုင်း စီစဉ်ပြုစုထားပါသည်။

၁။ သဒ္ဒါပုံစံများတွင်သုံးသောဝါကျများ၊သဒ္ဒါ၊စာဖတ်သင်ခန်းစာ၊ခန်းကျိနှင့် ဝေါဟာရများကို ဂျပန်ဘာသာအရည်အချင်းစစ် စာမေးပွဲအဆင့်(၁)နှင့်ဘောင်ဝင်အောင် ပြင်ဆင်ပြုစုထားပါသည်။

၂။ စာဖတ်ကျွမ်းကျင်မှုရစေရန် ရေးသားပုံမတူသောပုံစံများကို အုပ်စုခွဲကာ ပြုစုထားပြီးအချိန်တိုအတွင်း ထိမိအောင် ဖတ်ရမည့်နည်းကောင်းများကို ထည့်သွင်းရေးသားထားပါသည်။

၃။ နားထောင်နိုင်စွမ်းရည်မြင့်မားစေရန် သတိပြုရမည့်အချက်များကို မြန်မာဘာသာဖြင့်ရှင်းလင်းစုစည်းထားပါသည် ။

၄။ ခန်းကျိများ၊ အဓိကလိုအပ်သောဝေါဟာရများကို အသံထွက်အလိုက် မှတ်သားလေ့ကျင့်လွယ်စေရန် ရည်ရွယ်၍ အုပ်စုဖွဲ့ကာထည့်သွင်း ရေးသားထားပါသည်။

၅။ ၂၀၀၇ခုနှစ်ဂျပန်စာအရည်အချင်းစစ်အဆင့်(၁) မေးခွန်းဟောင်းနှင့် နားထောင်နိုင်စွမ်းရည်မေးခွန်း အတွက်စီဒီကိုပါ ကြိုတင်လေ့ကျင့်နိုင်ရန်ရည်ရွယ်ထည့်သွင်းထားပါသည်။

၆။ မြန်မာလူမျိုးများပိုမိုနားလည်လေ့ကျင့်လွယ်စေရန် ရည်ရွယ်ပြုစုထားပြီး၊ ဂျပန်ဘာသာလေ့လာရာတွင် ဂရုပြုသင့်သည်များကို မြန်မာဘာသာဖြင့် ရေးသားထည့်သွင်း ဖော်ပြထားပါသည်။

၃၁ရက် ဩဂုတ်လ ၂၀၀၉နှစ်